# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

July 17 , 2023 | Volume 68, Number 11


၁၇.၇.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၅၇ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၃၆၀.၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၈၉.၈ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၅၀.၀ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၃၀.၈ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၂.၉၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၅၉၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၅.၈၅ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၆၂.၅၀ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၆၈၅ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန္သြယ္မႈသတင္းအခ်က္အလက္ႏွင့္ သုေတသနဌာနခြဲ

ဖုန္း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက္စ္ ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## ၁၀.၇.၂၀၂၃ မှ ၁၄.၇.၂၀၂၃ ရက်နေ့ထိ ဈေးကွက်သုံးသပ်ချက်

**ဆန်**

ဒီတစ်ပတ်ရန်ကုန်ဈေးကွက်မှာတော့ ဆန်ဈေးတွေ ဈေးငြိမ်နေပါတယ်။ ရောဝတီတိုင်းဈေးကွက် မှာတော့ ပထမတန်းစား ပေါ်ဆန်းစပါးတွေရော ဒုတိယတန်းစား ညော့်မထစပါးတွေပါ ဈေးမြင့်တက်ပေမယ့် ဆန်ဈေးတွေကတော့ ဈေးငြိမ်နေပါတယ်။ ဈေးကွက်ထဲကို အသစ်တွေ အဝင်နည်းနေသေးတာဖြစ်လို့ အဝင်ရှိသလောက် အရောင်းအဝယ် ရှိနေပေမယ့် ဈေးကွက် အေးနေတယ်လို့ ဆိုပါတယ်။ ရန်ကုန်ဝါးတန်းဈေးကွက်မှာတော့ ဆန်အဝင်နည်းပြီး အရောင်းအဝယ် အေးနေကာ ပြီးခဲ့တဲ့ အပတ်က ဈေးအတိုင်း ဈေးငြိမ်နေပါတယ်။

ရောဝတီတိုင်းဈေးကွက်မှာတော့ ပုသိမ်ပေါ်ဆန်းစပါးက တင်း ၁၀၀ ကို ၂၁၆၄၀၀၀ ပေါက်ဈေးရှိပြီး တင်း ၁၀၀ ကို ၁၈၀၀၀ ကျပ်ဈေးတက်ပါတယ်။ ဆန်ကတော့ တစ်အိတ်ကို ၈၉၀၀၀ နဲ့ ဈေးငြိမ် ပါတယ်။ ပုသိမ်ညော့်မထ (မိုး)ကတော့ တင်း ၁၀၀ ကို ၁၇၃၈၀၀၀ ပေါက်ဈေးရှိပြီး တင်း ၁၀၀ ကို ၁၈၀၀၀ ကျပ်၊ ညော့်မထ(နွေ)ကတော့ တင်း ၁၀၀ ကို ၁၆၅၆၀၀၀ ပေါက်ဈေးရှိပြီး တင်း ၁၀၀ ကို ၂၈၀၀၀ ကျပ် ဈေးတက်လာပါတယ်။ဆန်ကတော့ မိုးက တစ်အိတ်ကို ၆၇၀၀၀ ကျပ် နွေက ၆၁၀၀၀ ကျပ်ဖြင့် ဈေးငြိမ်နေပါတယ်။

ဒေးဒရဲပေါ်ဆန်း စပါးကလည်း တင်း ၁၀၀ ကို ၁၈၉၂၀၀၀ ပေါက်ဈေးရှိပြီး တင်း ၁၀၀ ကို ၈၇၀၀၀ ကျပ်ဈေးမြင့်တက်လာပါတယ်။ ဆန်ကတော့တစ်အိတ်ကို ၈၅၀၀၀ ကျပ် ဖြင့် ဈေးငြိမ်နေပါတယ်။ ဒေးဒရဲညော့်မထ(မိုး)ကတော့ တင်း ၁၀၀ ကို ၁၇၂၉၀၀၀ပေါက်ဈေး ရှိပြီး တင်း ၁၀၀ ကို ၃၇၀၀၀ ကျပ်၊ဆန်က တစ်အိတ်ကို ၇၅၀၀၀ ပေါက်ဈေးရှိပြီး ၅၀၀၀ ကျပ်ဈေးတက်လာပါတယ်။ နွေညော့်မထကတော့ တင်း ၁၀၀ ကို ၁၆၇၄၀၀၀ ပေါက်ဈေးရှိပြီး တင်း ၁၀၀ ကို ၃၇၀၀၀ ကျပ် ဈေးမြင့်တက်လာပြီး ဆန်ကတော့ တစ်အိတ်ကို ၆၅၀၀၀ ပေါက်ဈေးရှိပြီး ဈေးငြိမ်ပါတယ်။

အခြား ဖျာပုံ မအူပင် ပေါ်ဆန်းစပါးတွေလည်း တင်း ၁၀၀ကို အနိမ့်ဆုံး ၃၀၀၀၀ ကနေ အမြင့်ဆုံး ၁၅၀၀၀၀ ကြားထိဈေးမြင့်တက်လာပါတယ်။ လက်ရှိစပါးဈေးကတော့ အသစ်တွေ ဈေးကွက်ထဲ ဝင်နေတာ ဖြစ်တဲ့အတွက် အမြင့်ဈေးရှိနေပေမယ့် ဈေးချဝယ်ယူမှုတွေ ရှိနေတာဖြစ်လို့ ဈေးကွက်ထဲ အေးနေတယ်လို့ ဆန်ကုန်သည်တွေက ဆိုပါတယ်။

**မတ်ပဲ**

မတ်ပဲကတော့ ပြီးခဲ့တဲ့ အပတ်နဲ့ယှဉ်ရင် ဈေးမြင့်တက်ပေမယ့် တစ်ပတ်အတွင်းမှာတော့ ဈေးအတက်အကျ အပြောင်းအလဲတွေ ရှိခဲ့ပါတယ်။ အိန္ဒိယနိုင်ငံတွင်း မတ်ပဲ ဈေးမြင့်တက်မှုကြောင့် CNF ဈေးနှုန်းတွေပါ မြင့်တက်လာပြီး ပြည်တွင်း ဈေးပါ အနည်းငယ်မြင့်တက်လာတာဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အသစ်တွေ အနည်းငယ်ဝင်ရောက်နေပြီး အဝင်ရှိသလောက် အဝယ်ရှိပေမယ့် ဈေးက အနည်းငယ်လျော့နည်းပါတယ်။

ရန်ကုန်ဈေးကွက်မှာ မတ်ပဲ FAQ/RC က တစ်တန်ကို ၂၂၉၀၀၀၀ ကျော်

ပေါက်ဈေးရှိပြီး ပြီးခဲ့တဲ့အပတ်နဲ့ယှဉ်ရင် တစ်တန်ကို ၈၅၀၀၀ ကျပ်ဈေးပြန် မြင့်တက်လာပါတယ်။

မန္တလေးဈေးကွက်မှာတော့ မတ်ပဲ အဟောင်းတွေ တစ်အိတ်ကို ၂၁၅၀၀၀ ကနေ ၂၂၀၀၀၀ ကြားပေါက်ဈေးရှိပြီး ၅၀၀၀ ကျပ်ဈေးတက်လာပါတယ်။

ပခုက္ကူဈေးကွက်မှာတော့ တစ်တင်းကို ၅၂၀၀၀ ကနေ ၆၂၀၀၀ ကြားရှိနေပြီး ပြီးခဲ့တဲ့ အပတ်နဲ့ယှဉ်ရင် တစ်တင်းကို ၄၀၀၀ ကျပ်ဈေးမြင့်တက်လာပါတယ်။

အခြားနယ်ကုန်စည်ဒိုင်တွေ ဖြစ်တဲ့ အောင်လံကုန်စည်ဒိုင်၊ပြည်၊ တို့မှာလည်း တစ်တင်းကို ၇၀၀၀၀ ကနေ ၇၅၀၀၀ ကြားပေါက်ဈေးရှိနေပြီး ၃၀၀၀လောက်ဈေးတက်လာပါတယ်။

**ပဲစင်းငုံနီ**

ပဲစင်းငုံနီကတော့ ပြီးခဲ့တဲ့ အပတ်နဲ့ယှဉ်ရင် ဈေးကျဆင်းသွားပါတယ်။ တစ်ပတ်အတွင်းလည်း အကျဈေးဖြင့် ဈေးငြိမ်နေခဲ့ပါတယ်။ ပြည်ပတင်ပို့မှုက ပုံမှန်ရှိပေမယ့် ပြည်တွင်းဝယ်ယူမှုကတော့ လက်ကျန်မရှိတဲ့အတွက် အရောင်းအဝယ် မရှိဈေးကျဆင်းနေတာ ဖြစ်တယ်လို့ ကုန်သည်တွေက ဆိုပါတယ်။

အိန္ဒိယနိုင်ငံတွင်းမှာတော့ပဲစင်းငုံနီ တင်သွင်းတာနဲ့ ပတ်သတ်ပြီး လုပ်ဆောင်နေကြပါတယ်။ အာဖရိကနေ မကြာခင်တင်သွင်းတော့မှာဖြစ်ပေမယ့် ဈေးက မျှော်မှန်းထားသလောက် ကျဆင်းနိုင်မှာ မဟုတ်ဘူးလို့ အိန္ဒိယကုန်သည်တွေက သုံးသပ်ထားကြောင်း အိန္ဒိယသတင်းစာတွေ မှာ ဖော်ပြထားပါတယ်။

ရန်ကုန်ဈေးကွက်မှာ ပဲစင်းငုံနီက တစ်တန်ကို ၃၁၃၀၀၀၀ ပေါက်ဈေးရှိပြီး ပြီးခဲ့တဲ့ အပတ်နဲ့ယှဉ်ရင် တစ်တန်ကို ၂၀၀၀၀ ကျပ်ဈေးကျဆင်းသွားပါတယ်။

မန္တလေးဈေးကွက်မှာတော့ တစ်အိတ်ကို ၃၀၀၀၀၀ ပေါက်ဈေးရှိနေပြီး ဈေးငြိမ်နေပါတယ်။

အခြား နယ်ကုန်စည်ဒိုင်တွေ ဖြစ်တဲ့ ပခုက္ကူဈေးကွက်၊အောင်လံဈေးကွက်၊မုံရွာ ဈေးနဲ့ ပြည်ဈေး ကွက်တို့ မှာ ပဲစင်းငုံနီ တစ်တင်းကို ၉၈၅၀၀ ကနေ ၁၀၀၀၀၀ ကြားပေါက်ဈေးရှိနေပြီး ၅၀၀ ကျပ်လောက် ဈေးကျဆင်းသွားပါတယ်။

**ကုလားပဲ**

ကုလားပဲကတော့ ပြီးခဲ့တဲ့ အပတ်က ဈေးအတိုင်း ငြိမ်နေပါတယ်။တစ်ပတ်အတွင်း မှာလည်း ဈေး အတက်အကျ အနည်းငယ်သာ ရှိခဲ့ပါတယ်။ ဈေးကွက်အတွင်း လက်ကျန်မရှိတော့ပဲ အရောင်းအဝယ် အေးပြီး ဈေးအေးနေတဲ့ အခြေအနေ ဖြစ်ပါတယ်။

ရန်ကုန်ဈေးကွက်မှာ ကုလားပဲလုံး ဖြူက တစ်ပိဿာကို ၄၁၆၅ ကနေ ၄၂၅၀ ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၈၅ ကျပ်၊ ကုလားပဲလုံးဖြူကြီးကတော့ တစ်ပိဿာကို ၄၂၅၀ ကနေ ၄၃၃၀ ပေါက်ဈေးရှိပြီး ၉၀ ကျပ် ဈေးကျဆင်းသွားပါတယ်။ ။ကုလားပဲခြမ်းကတော့တစ်ပိဿာကို ၅၄၀၀ ကနေ ၅၇၀၀ ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၅၀ ကနေ ၂၀၀ ကြား ဈေးကျဆင်းသွားပါတယ်။

မန္တလေးဈေးကွက်မှာတော့ကုလားပဲ(ထိုင်ဝမ်)က တစ်အိတ်ကို ၂၄၀၀၀၀ ကျပ်၊ ကုလားပဲ(၉၂၉)က တစ်အိတ်ကို ၂၄၈၀၀၀ ကျပ်၊ကုလားပဲ(ဗွီတူး)ကတော့ တစ်အိတ်ကို ၂၅၀၀၀၀ ကျပ် နဲ့ ဈေးငြိမ် ပါတယ်။

အောင်လံဈေးကွက်မှာလည်း ကုလားပဲ(ဟော်လန်)က တစ်အိတ်ကို ၈၇၀၀၀ ပေါက်ဈေးရှိပြီး တစ်တင်းကို ၅၀၀ ကျပ်ဈေးတက်လာပြီး မြကြေးမုံကတော့ တစ်တင်းကို ၈၈၀၀၀ပေါက်ဈေးရှိပြီး ဈေးငြိမ်ပါတယ်။

**ပြောင်း**

ပြောင်းကတော့ ဆက်တိုက်ဈေးကျဆင်းနေပေမယ့် အကျဈေးဖြင့် ဝယ်ယူမှုတွေရှိနေလို့ အရောင်း အဝယ်ကတော့ သွက်နေတယ်လို့သိရပါတယ်။ နေ့စဉ် အရောင်းအဝယ်ပေါ်မူတည်ပြီး အပြောင်းအလဲ ရှိနေတဲ့အတွက် ဈေးက ဆက်ပြီး အများကြီး ကျဆင်းသွားတာမျိုး မရှိပဲ ဈေးငြိမ်နေတဲ့အခြေအနေ ဖြစ်နေပါတယ်။

ရန်ကုန်ဈေးကွက်မှာတော့ ပြောင်းဆံကတစ်ပိဿာကို ၁၁၅၀ ကနေ ၁၁၇၀ ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၂၀ ကျပ်ဈေးကျဆင်းသွားပါတယ်။

မန္တလေးဈေးကွက်မှာတော့ စီပီပြောင်းက တစ်အိတ်ကို ၅၆၀၀၀ ကနေ ၅၇၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၂၀၀၀ ကျပ်ဈေးကျဆင်းသွားပါတယ်။

မုံရွာဈေးကွက်မှာတော့ တစ်တင်းကို ၁၉၀၀၀ ပေါက်ဈေးရှိပြီး ၄၀၀ ကျပ်ဈေးကျဆင်းသွားပါတယ်။

AMIA

Source: https://t.me/htwettoe

## မကွေးတွင် ငရုတ်သီးခြောက်ဈေး မြင့်တက်နေ

မကွေးတိုင်းဒေသကြီးအတွင်းမှာ ငရုတ်သီးခြောက်ဈေးဟာ ပြီးခဲ့တဲ့နှစ်တွေထက် စံချိန်တင်မြင့်တက်နေပြီး လက်ရှိအချိန်ထိလည်း ဈေးမြင့်တက်နေဆဲဖြစ်တယ်လို့ ကုန်သည်တွေဆီကနေ သိရပါတယ်။ လက်ရှိမှာတော့ ငရုတ်သီးခြောက် တစ်ပိဿာကို ကျပ်နှစ်သောင်းဝန်းကျင်ဈေးဖြစ်နေပြီး ပစ္စည်းရှားပါးမှုကြောင့် ဈေးအမြင့် ရှိနေတာဖြစ်တယ်လို့ ဆိုပါတယ်။




ဈေးမြင့်တက်နေပေမယ့် ငရုတ်သီးခြောက် အရောင်းအဝယ်ကတော့ ကောင်းနေဆဲဖြစ်တယ်လို့ သိရပါတယ်။

ငရုတ်ထွက်ရှိမှုအနေနဲ့ကတော့ မကွေးတိုင်းဒေသကြီးအတွင်း ရေဝတီမြစ်အနောက်ဘက်ကမ်း တစ်လျှောက်ကထွက်ရှိသလို ကျောက်ဆည်၊ မန္တလေးဘက်က ထွက်ရှိတဲ့ ငရုတ်တွေကိုလည်း ဝယ်ယူရောင်းချကြတာပါ။ မကွေးတိုင်းဒေသကြီးအတွင်းက ထွက်ရှိတဲ့ ငရုတ်သီးခြောက်ကို ရခိုင်၊ မြဝတီနဲ့ ရန်ကုန်တို့ကို အဓိက ရောင်းချနေတယ်လို့ သိရပါတယ်။

ငရုတ်သီးခြောက်ကို ပင်နံသီးနဲ့ ပန်းရဲအပွသီးဆိုပြီး နှစ်မျိုးခွဲကာရောင်းဝယ်နေပြီး ပင်နံသီးကတော့ ဈေးပိုကြီးတယ်လို့ဆိုပါတယ်။ ငရုတ်သီးခြောက်ဈေးမြင့်တက်မှုတွေကြောင့် ငရုတ်အကြမ်းမှုန့်၊ အလျှော်မှုန့်၊ အရောင် တင်မှုန့် လုပ်ကိုင်ကြတဲ့ လုပ်ငန်းတချို့လည်း ရပ်နားတာတွေရှိတယ်လို့ သိရပါတယ်။

ဤဆောင်းပါးကို One News Myanmar မှကူးယူဖော်ပြပါသည်။

Soruce:https://t.me/htwettoe

## ဒုတိယနှစ်ဝက် ထိုင်းဆန်တင်ပို့မှု အယ်လ်နီညိုကြောင့် အလားအလာ မြင့်မား

ထိုင်းနိုင်ငံသည် အယ်လ်နီညို ရာသီဥတုဖြစ်စဉ်၏ သက်ရောက်မှုအပေါ် စိုးရိမ်မှုများကြောင့် ဆန်ဝယ်ယူ တင်သွင်းပြီး အရန်ဆန် သိုလှောင်ကြသဖြင့် ယခုနှစ်တွင် ဆန်တန်ချိန် ၉ သန်းအထိ တင်ပို့နိုင်ဖွယ်ရှိသည်။ ထိုင်းနိုင်ငံသည် ပထမနှစ်ဝက်တွင် ဆန်တန်ချိန် ၄ ဒသမ ၁ သန်း တင်ပို့နိုင်ခဲ့သည်။ ထိုင်းဆန်တင်ပို့သူများအသင်း၏ ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ Chookiat Ophaswongse ၏ ပြောကြားချက်အရ ယခုနှစ် ဒုတိယနှစ်ဝက်တွင် ဆန်တန်ချိန် ၄-၅ သန်းခန့် တင်ပို့ရန် အခွင့်အလမ်းကောင်းရှိနေသည်။

“ပို့ကုန်ဆန်ဈေးက ၁၁ နှစ်အတွင်း အမြင့်ဆုံးအဆင့်အထိ တက်လာတယ်” ဟု ၎င်းက ဆိုသည်။ “free-on-board FOB ထိုင်းဆန်ဖြူဈေးက တစ်တန်ကို ကန်ဒေါ်လာ ၅၁၀ အထိ တက်သွားတယ်။ ဗီယက်နမ်ဆန်ဈေးနှုန်းအတိုင်း ဖြစ်သွားတယ်။ အရင်တုန်းက ထိုင်းဆန်ထက် တစ်တန်လျှင် ဒေါ်လာ ၁၀၀ အထိ ဈေးသက်သာခဲ့တဲ့ အိန္ဒိယ ဆန်က ယခုအခါ တစ်တန် ကန်ဒေါ်လာ ၄၈၀ ဖြစ်နေပြီ"ဟု Mr Chookiat က ပြောကြားသည်။

ကမ္ဘာ့ဆန် အထွက်နှုန်း ကျဆင်းသွားစေနိုင်သည့် အယ်လ်နီညိုနှင့်စပ်လျဉ်း၍ အလွန်စိုးရိမ်ကြောင့်ကြမှု ရှိနေကြကြောင်း Mr Chookiat က ပြောကြားသည်။ သို့ဖြစ်ရာ ဆန်ကို အသည်းအသန် ဝယ်ယူတင်သွင်းနေကြသည်။ နိုင်ငံအများအပြားသည် ဆန်ပြတ်လပ်မည့်အရေးကို အနည်းဆုံးလျှော့ချရန် အရန်ဆန်စပါး သိုလှောင်နေကြသည်။ အဓိက ဆန်တင်သွင်းသော နိုင်ငံအများအပြားတို့သည် ၎င်းတို့၏ အရန်ဆန် သိုလှောင်မှုပမာဏကို တိုးမြှင့်ထားကြသည်။

ဖိလစ်ပိုင်နိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့က ဆန်ပိုမိုဝယ်ယူမည်ဟု ကြေညာခဲ့သည်။ ဖိလစ်ပိုင်နိုင်ငံသည် ဗီယက်နမ်ဆန် တန်ချိန် ၂ သန်း ဝယ်ယူထားပြီးဖြစ်သည်။ အင်ဒိုနီးရှားနိုင်ငံက တန်ချိန် ၁ သန်း တင်သွင်းနေပြီ ဖြစ်ပါသည်။ မလေးရှားနိုင်ငံသည် ပြည်တွင်းထုတ်လုပ်မှု လျော့ကျခြင်းနှင့် သိုလှောင်မှု လက်ကျန်အခြေအနေအရ ဆန်တန်ချိန် ၁ ဒသမ ၂ သန်း တင်သွင်းရန် စီစဉ်ထားသည်။ မလေးရှားနိုင်ငံတွင် ဆန်ဈေးနှုန်း ၁၀ ရာခိုင်နှုန်းအထိ မြင့်တက်သဖြင့် ထိုင်းဆန် ပိုမိုဝယ်ယူတင်သွင်းမည်ဖြစ်သည်။

ဗီယက်နမ်နိုင်ငံသည် နှစ်စဉ်တင်ပို့နိုင်မှုမှာ တန်ချိန် ၇ သန်းဖြစ်သော်လည်း ပထမငါးလအတွင်း စုစုပေါင်း တန်ချိန် ၄ သန်း တင်ပို့ခဲ့သည်။ တရုတ်နိုင်ငံသည် ဗီယက်နမ်ဆန် တင်သွင်းမှုကို တိုးမြှင့်ခဲ့ပြီး ဆန်လက်ကျန် ပိုများအောင် စတင်စုဆောင်းလာခဲ့ကြောင်း ၎င်းကဆိုသည်။ ထိုင်းနိုင်ငံသည် ၂၀၂၁ ခုနှစ်တွင် ဆန်တန်ချိန် ၆ ဒသမ ၃ သန်း တင်ပို့ခဲ့သည်။ ၂၀၂၂ ခုနှစ်တွင် ဆန်တန်ချိန် ၇ ဒသမ ၆၉ သန်း တင်ပို့ခဲ့သည်။

၂၀၂၂ ခုနှစ်တွင် ထိုင်းနိုင်ငံသည် ဆန်တန်ချိန် ၂၁ ဒသမ ၉ သန်း တင်ပို့ခဲ့သည့် အိန္ဒိယနိုင်ငံပြီးနောက် နံပါတ် ၂ နေရာတွင် ရပ်တည်ခဲ့သည်။ ဗီယက်နမ်နိုင်ငံသည် ဆန်တင်ပို့မှု စုစုပေါင်းတန်ချိန် ၆ ဒသမ ၃၁ သန်းဖြင့် တတိယနေရာရရှိခဲ့သည်။ အီရတ်နိုင်ငံသည် ထိုင်းဆန်တန်ချိန် ၁ ဒသမ ၆ သန်းကို ယမန်နှစ်တွင် ဝယ်ယူတင်သွင်းခဲ့သည်။ ထိုင်းဆန်အများဆုံး တင်သွင်းခဲ့သည်။ တောင်အာဖရိကနိုင်ငံမှ ထိုင်းဆန် တန်ချိန် ၇၇၅,၀၀၀ တင်သွင်းခဲ့ပြီး ထိုင်းဆန်

ဒုတိယအများဆုံး တင်သွင်းသည့် နိုင်ငံဖြစ်သည်။

တရုတ်နိုင်ငံသည် ထိုင်းဆန်တန်ချိန် ၇၅၀,၀၀၀ တင်သွင်းခဲ့ပြီး အမေရိကန်သည် တန်ချိန် ၆၅၀,၀၀၀ တင်သွင်းခဲ့သည်။ ဘီနင်သည် တန်ချိန် ၃၂၁,၀၀၀ တင်သွင်းခဲ့သည်။ အယ်လ်နီညို သက်ရောက်မှုအတွက် မိုးရွာ သွန်းမှုရေချိန်ကို ဇူလိုင်လမှ စက်တင်ဘာလအထိ စောင့်ကြည့်ဖို့ လိုအပ်ကြောင်း Mr Chookiat က ပြောကြားသည်။ ၎င်းကာလ အတွင်း မိုးရွာသွန်းမှုရေချိန် ကျဆင်းသွားပါက မိုးရွာသွန်းမှုအပေါ် မှီခိုနေရသော စပါးထွက်ရှိမှုကို ထိခိုက်စေမည်ဖြစ်သည်။

မိုးရွာသွန်းမှု လျော့နည်းခြင်းကြောင့် ထိုင်းဆန်ထုတ်လုပ်မှုသည် ပုံမှန်အထွက်နှုန်းထက် ၁၀ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းအထိ လျော့ကျသွားမည်ဖြစ်ကြောင်း ၎င်းကဆိုသည်။ ပြည်တွင်းစပါးဈေးသည် တစ်တန်လျှင် ဘတ် ၁၁,၀၀၀ အထိ ရောက်ရှိနေသည်။

Source: https://www.foodindustrydirectory.com.mm

Source:https://myantrade.gov.mm/article/naypyitaw_17072023_1210

## နာနတ်သီး ဈေးကောင်းသော်လည်း ကုန်ကျစရိတ်မြင့်မားလို့ တောင်သူတွေ အရှုံးပေါ်

ရာသီပေါ် နာနတ်သီးတွေဟာ စတင်ပေါ်ထွက်ချိန်ကတည်းက ဈေးနှုန်းတွေမြင့်မားခဲ့ပေမယ့် စိုက်ပျိုးစရိတ်နဲ့ သယ်ယူပို့ဆောင်ရေးစရိတ်တွေ ကြီးမားတာကြောင့် အရှုံးပေါ်တယ်လို့ သီးနှံစိုက်တောင်သူတွေက ပြောပါတယ်။




နိုင်ငံရေးအခြေအနေ မတည်ငြိမ်မှုကြောင့် အထွေထွေကုန်ဈေးနှုန်းတွေကြီးမြင့်ပြီး ကုန်ကျစရိတ်တွေ မြင့်တက်ခဲ့ တဲ့အတွက် အရှုံးပေါ်ခဲ့တာပဲဖြစ်ပါတယ်။ ဈေးသာကောင်း တာ။အမြတ်က မသေချာဘူး။နောက်ပြီး ကုန်သည်တွေကလည်း ဈေးနှိမ်တာတွေရှိတော့ ပိုဆိုးတာပေ့ါလို့ သီပေါမြို့နယ်၊ ကုန်းသာကျေးရွာက ဒေသခံတစ်ဦး က ပြောပါတယ်။

ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကျောက်မဲမြို့နယ်နဲ့ သီပေါမြို့နယ်တွေက အများဆုံး ထွက်ရှိတဲ့ ကုန်းသာနာနတ်သီးတွေဟာ ဈေးကွက်အခိုင်အမာရှိပေမယ့် ပြီးခဲ့တဲ့ Covid 19 ရောဂါ ဖြစ်ပွားမှုနဲ့ နိုင်ငံရေးအပြောင်းအလဲတွေကြောင့် ဈေးကွက်အနည်းငယ် ပျက်ယွင်း ခဲ့ပြီး ၄ နှစ်ဆက်တိုက် အရှုံးပေါ်ခဲ့တယ်လို့ တောင်သူ တွေက ဆိုပါတယ်။

လက်ရှိ လက်လီဈေးကွက်အတွင်းမှာ ကုန်းသာနာနတ်သီးတစ်လုံးကို ငွေကျပ် ၁၀၀၀ ကနေ ၂၀၀၀ ကြားရှိပေမယ့် ခြံဖြတ်ဈေးနှုန်းတွေကတော့ တစ်လုံးကို ပျမ်းမျှ ၃၀၀ ကနေ ၄၀၀ ကြားပဲ ရှိတယ်လို့ သိရပါတယ်။ ဤဆောင်းပါးကို Opinion Leaders မှကူးယူဖော်ပြပါသည်။

Source: https://t.me/htwettoe

## ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံမှ ပြည်ပသို့ သဘာဝဓာတ်ငွေ့တင်ပို့မှုမှ ဒေါ်လာ ၃၉၉၂ ဒသမ ၉ သန်း ရရှိခဲ့ပြီး တတိယသုံးလပတ်အတွင်းက အများဆုံးတင်ပို့နိုင်ခဲ့

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံမှ ပြည်ပသို့ သဘာဝဓာတ်ငွေ့ တင်ပို့မှုမှ ဒေါ်လာ ၃၉၉၂ ဒသမ ၉ သန်းရရှိခဲ့ပြီး တတိယသုံးလပတ်အတွင်းက အများဆုံးတင်ပို့နိုင်ခဲ့ကြောင်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဗဟိုစာရင်းအင်းအဖွဲ့၏ထုတ်ပြန်ချက်အရ သိရသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပထမသုံး လပတ်အတွင်း ပြည်ပသို့ သဘာဝဓာတ်ငွေ့ တင်ပို့မှုမှ ဒေါ်လာ ၉၀၉ ဒသမ ၅ သန်း၊ ဒုတိယသုံးလပတ်အတွင်း ဒေါ်လာ ၁၀၅၅ ဒသမ ၁ သန်းနှင့် တတိယသုံးလပတ်အ တွင်း ဒေါ်လာ ၁၁၀၇ ဒသမ ၅ သန်း၊ စတုတ္ထသုံးလပတ်အတွင်း ဒေါ်လာ ၉၂၀ ဒသမ ၈ သန်းဖြင့် စုစုပေါင်း ဒေါ်လာ ၃၉၉၂ ဒသမ ၉ သန်းရရှိခဲ့ခြင်းဖြစ်သည်။

၂၀၂၁ ခုနှစ် ၁၂ လအတွင်း ပြည်ပသို့ သဘာဝဓာတ်ငွေ့တင်ပို့မှုမှ ဒေါ်လာ ၃၁၅၀ ဒသမ ၇ သန်းရရှိခဲ့ပြီး နိုဝင်ဘာတွင် သ ဘာဝဓာတ်ငွေ့ တင်ပို့မှုမှ ဒေါ်လာသန်း ၃၀၀ ကျော်ဖြင့် အများဆုံးဖြစ်ကြောင်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ထုတ်ပြန် ချက်အရ သိရသည်။

၂၀၂၁ ခုနှစ်အတွင်း လအလိုက် ပြည်ပ သို့ သဘာဝဓာတ်ငွေ့တင်ပို့မှုမှ ဝင်ငွေရရှိမှု အနေဖြင့် ဇန်နဝါရီတွင် ဒေါ်လာ ၂၃၂ ဒသမ ၅ သန်း၊ ဖေဖော်ဝါရီတွင် ဒေါ်လာ ၂၃၆ ဒသမ ၇ သန်း၊ မတ်တွင် ဒေါ်လာ ၂၅၇ဒသမ ၇ သန်း၊ ဧပြီတွင် ဒေါ်လာ ၂၂၉ ဒသမ ၂ သန်း၊ မေတွင် ဒေါ်လာ ၂၄၅ ဒသမ ၁ သန်း၊ ဇွန်တွင် ဒေါ်လာ ၂၄၆ ဒသမ ၂ သန်း၊ ဇူလိုင်တွင် ဒေါ်လာ ၂၇၈ ဒသမ ၄ သန်း၊ ဩဂုတ်တွင် ဒေါ်လာ ၂၈၄ဒသမ ၀ သန်း၊ စက်တင်ဘာတွင် ဒေါ်လာ ၂၈၅ ဒသမ ၆ သန်း၊ အောက်တိုဘာတွင် ဒေါ် လာ ၂၈၀ ဒသမ ၃ သန်း၊ နိုဝင်ဘာတွင် ဒေါ်လာ ၃၀၀ ဒသမ ၈ သန်း၊ ဒီဇင်ဘာတွင် ဒေါ်လာ ၂၇၄ ဒသမ ၂ သန်းဖြင့် စုစုပေါင်းဒေါ်လာ

၃၁၅၀ ဒသမ ၇ သန်း ရရှိခဲ့ခြင်းဖြစ်သည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် သဘာဝ ဓာတ်ငွေ့တင်ပို့မှုမှ ဝင်ငွေဒေါ် လာ ၃ ဒသမ ၅ ဘီလျံကျော်ရရှိခဲ့ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာ နှစ်ထက် ဝင်ငွေဒေါ်လာသန်း ၄၂၀ ခန့် လျော့ကျခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနကို ကိုးကားပြီး ဗဟိုစာရင်းအင်းအဖွဲ့၊ သတင်းအချက်အလက်ယူနစ်မှ ထုတ်ပြန်ထားသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်ဖြစ်သည့် ၂၀၁၉ ခုနှစ် အောက်တိုဘာမှ ၂၀၂၀ ပြည့် နှစ် စက်တင်ဘာအထိ ပြည်ပသို့ သဘာဝ ဓာတ်ငွေ့တင်ပို့မှုမှ ဝင်ငွေဒေါ်လာ ၃ ဒသမ ၅၀၆ ဘီလျံ (ဒေါ်လာ ၃၅၀၆ ဒသမ ၆၂ သန်း) ရရှိထားသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၌ သဘာဝ ဓာတ်ငွေ့တင်ပို့မှုမှ ဝင်ငွေဒေါ်လာ ၃ ဒသ မ ၉၂၄ ဘီလျံ (ဒေါ်လာ ၃၉၂၄ ဒသမ ၉၂ သန်း) အထိရရှိထားသည်။

ထို့ကြောင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် တွင် ပြည်ပသို့ သဘာဝဓာတ်ငွေ့တင်ပို့မှုမှ ရရှိသောဝင်ငွေသည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်ထက် ဝင်ငွေဒေါ်လာ ၄၁၈ ဒသမ ၃ သန်း လျော့ကျခဲ့သည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် သဘာဝ ဓာတ်ငွေ့တင်ပို့မှုမှ ဝင်ငွေဒေါ်လာ ၃ ဒသမ ၅၁၃ ဘီလျံ (ဒေါ်လာ ၃၅၁၃ ဒသမ ၂၁ သန်း) ရရှိခဲ့သည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ဝင်ငွေ ဒေါ်လာ ၃ ဒသမ ၁၁၆ ဘီလျံ (ဒေါ်လာ ၃၁၁၆ ဒသမ ၃၄ သန်း) ရရှိခဲ့သည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဝင်ငွေ ဒေါ်လာ ၃ ဒသမ ၄၄၅ ဘီလျံ (ဒေါ်လာ ၃၄၄၅ ဒသမ ၁၀ သန်း) ရရှိခဲ့သည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် စွမ်း အင်အရင်းအမြစ်အလိုက် ဓာတ်အားထုတ်လုပ်မှုအနေဖြင့် ရေအားလျှပ်စစ်မှ ၃၂၂၅ မဂ္ဂါဝပ်၊ သဘာဝဓာတ်ငွေ့မှ ၂၇၇၃ မဂ္ဂါဝပ်၊ ဆိုလာစွမ်းအင်မှ မဂ္ဂါဝပ် ၄၀၊ LNG မှ မဂ္ဂါ ဝပ် ၉၀၀ နှင့် ကျောက်မီးသွေးမှမဂ္ဂါဝပ် ၁၂၀ ဖြင့် စုစုပေါင်း ၇၀၅၈ မဂ္ဂါဝပ် ထုတ်လုပ်ထားကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

ရာခိုင်နှုန်းအားဖြင့် ရေအားမှစုစုပေါင်း လျှပ်စစ်ထုတ်လုပ်မှု ၄၆ ရာခိုင်နှုန်း၊ သဘာဝဓာတ်ငွေ့မှ ၃၉ ရာခိုင်နှုန်း၊ LNG မှ ၁၃ ရာ ခိုင်နှုန်း၊ ဆိုလာမှ တစ်-ရာခိုင်နှုန်းနှင့် ကျောက် မီးသွေးမှ နှစ်-ရာခိုင်နှုန်းထုတ်လုပ် ထားသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ရေအားမှ ၃၁၈၁ မဂ္ဂါဝပ်၊ သဘာဝဓာတ်ငွေ့မှ ၁၇၅၂ မဂ္ဂါဝပ်၊ ကျောက်မီးသွေးမှ ၁၂၀ မဂ္ဂါဝပ်ဖြင့် စုစုပေါင်း ၅၀၅၃ မဂ္ဂါဝပ်ထုတ်လုပ်ထား သည်။ ရာခိုင်နှုန်းအားဖြင့် ရေအားမှ ၆၃ ရာခိုင်နှုန်း၊ သဘာဝဓာတ်ငွေ့မှ ၃၅ ရာခိုင်နှုန်းနှင့် ကျောက်မီးသွေးမှ နှစ်ရာခိုင်နှုန်း ထုတ်လုပ်ထားသည်။

နှစ်အလိုက် လျှပ်စစ်ဓာတ်အားအမျိုး အစားလိုက် လျှပ်စစ်ထုတ်လုပ်မှုအနေဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ရေအားမှ ကီလိုဝပ်နာရီသန်းပေါင်း ၁၁၂၂၇ ဒသမ ၈၂၊ သဘာဝဓာတ်ငွေ့မှ ကီလိုဝပ်နာရီသန်း ပေါင်း ၉၃၆၆ ဒသမ ၅၆၊ ရေနွေးငွေ့မှ ကီလို ဝပ်နာရီသန်းပေါင်း ၂၁၆၉ ဒသမ ၇၀၊ ဒီဇယ် မှ ကီလိုဝပ်နာရီသန်းပေါင်း ၁၀၄ ဒသမ ၇၃ ထုတ်လုပ်ထားသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ရေအား မှ ကီလိုဝပ်နာရီသန်းပေါင်း ၁၂၂၆၅ ဒသမ ၀၃၊ သဘာဝဓာတ်ငွေ့မှ ကီလိုဝပ်နာရီသန်း ပေါင်း ၇၄၅၉ ဒသမ ၂၂၊ ရေနွေးငွေ့မှ ကီလို ဝပ်နာရီသန်းပေါင်း ၁၀၈၀ ဒသမ ၆၀၊ ဒီဇယ် မှ ကီလိုဝပ်နာရီသန်းပေါင်း ၇၇ဒသမ ၅၅ ထုတ်လုပ်ထားသည်။

Source:https://news-eleven.com/article/250913

## အိန္ဒိယနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် စပါးစိုက်ပျိုးမှုအတွက် အထောက်အကူရသော်လည်း ကျန်သီးနှံများစိုက်ပျိုးရန်အခက်တွေ့လျက်ရှိ

မကြာသေးမီက အိန္ဒိယနိုင်ငံတစ်ဝှမ်း၌ မိုးသည်းထန်စွာရွာသွန်းခဲ့သည့်အတွက် စပါးစိုက်ပျိုးမှုကို အထောက်ကူပြုလျက်ရှိသော်လည်း ဆီထွက်သီးနှံနှင့် ပဲမျိုးစုံအပါအဝင် ကျန်သီးနှံများကို စတင်စိုက်ပျိုးရန် နှောင့်နှေးကြန့်ကြာမှုများနှင့် ရင်ဆိုင်ရဖွယ်ရှိကြောင်း အစိုးရအရင်းအမြစ်များက ဖော်ပြသည်။ ရှေ့ယခင်ကတည်းက ဟင်းသီးဟင်းရွက်များကို အစဉ်အဆက်စိုက်ပျိုးလာကြသည့် မြစ်နားနီးသော ဒေသများတွင် သီးနှံပျက်စီးမှုများရှိသည်မှအပ ကျန်ပြည်နယ်များ၌ သိသိသာသာ ထိခိုက်ပျက်စီးမှုများနှင့် တွေ့ကြုံရသည့်သတင်းများကို လက်ခံရရှိထားခြင်းမရှိကြောင်း သိရသည်။

မိုးရေကောင်းမွန်လုံလောက်စွာရရှိသည့်အချိန်တွင် စပါးပျိုးပင်များကို စိုက်ပျိုးသည့်နည်းလမ်း (paddy transplantation) ကို အသုံးပြုစိုက်ပျိုးခြင်းသည် မြန်မြန်ဆန်ဆန်သီးနှံတိုးတက်ဖြစ်ထွန်းစေသည်ဟု စိုက်ပျိုးရေးမင်းကြီး P K Singh က ပြောကြားခဲ့သည်။ သို့သော် အိန္ဒိယနိုင်ငံ အရှေ့ပိုင်းဒေသများဖြစ်ကြသော Uttar Pradesh ၊ Bihar၊ Jharkhand ၊ Chhattisgarh ၊ West Bengal နှင့် Odisha ပြည်နယ်တို့တွင် မိုးရွာသွန်းမှုနည်းပါးသည့်အတွက် ဆန်စပါးစိုက်ပျိုးမှုအပေါ် ထိခိုက်နိုင်ဖွယ်ရှိကြောင်းနှင့် စပါးသီးနှံဖြစ်ထွန်းမှုကို လျော့ပါးမှုမရှိစေရန် ဩဂုတ်လ ပထမပတ်၌ မိုးရေလုံလောက်စွာရရှိရန် လိုအပ်ကြောင်း NCML ၏ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အမှုဆောင်အရာရှိချုပ် Sanjay Gupta က ပြောကြားခဲ့သည်။

ဆီထွက်သီးနှံနှင့် ပဲမျိုးစုံနှင့်ပတ်သက်၍ Singh က ပြောကြားရာတွင် အိန္ဒိယတောင်ပိုင်းဒေသများ၌ မိုးရေရရှိမှု

နည်းပါးသည့်အတွက် စပါးစိုက်ပျိုးမှုကို နှောင့်နှေးစေနိုင်ကြောင်း၊ သို့သော် မိုးရေရရှိမှု တဖြည်းဖြည်းများပြားလာသည်နှင့်အမျှ စိုက်ပျိုးမှုအခြေအနေ တိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ လတ်တလောတွင် မည်သည့်ပြည်နယ်ထံကမျှ သီးနှံများ ထိခိုက်မှုနှင့်ပတ်သက်သည့် တရားဝင်သတင်းများကို လက်ခံရရှိထားခြင်းမရှိသေးဟု ပြောကြားခဲ့သည်။

နိုင်ငံ၏မြောက်ပိုင်းဒေသများတွင် မမျှော်လင့်သောမိုးရွာသွန်းမှုအခြေအနေများကြောင့် အထူးသဖြင့် Uttarakhand ၊ Himachal Pradesh ၊ Punjab ပြည်နယ်နှင့် Uttar Pradesh ပြည်နယ်၏ ဒေသအချို့၌ ဆည်ရေများလျှံခြင်းနှင့် ရေကြီး ရေလျှံမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ ထို့ကြောင့် ယင်းဒေသများ၌ သီးနှံများပြန်လည်စိုက်ပျိုးရန်လိုအပ်ပြီး၊ ပြောင်း၊ bajra၊ တိရစ္ဆာန် အစာအတွက်သီးနှံများနှင့် ပဲမျိုးစုံ အထူးသဖြင့် မတ်ပဲကို ရာသီနှောင်းချိန်၌ စိုက်ပျိုးသွားရန်လိုကြောင်း စိုက်ပျိုးရေး နည်းပညာ ဝန်ဆောင်မှုလုပ်ငန်း LeadsConnect Services Pvt. Ltd ၏ ဥက္ကဋ္ဌနှင့် ဦးဆောင်ညွှန်ကြားရေးမှူး Navneet Ravikar က ပြောကြားခဲ့သည်။

ယခုနှစ်မိုးရာသီတွင် အိန္ဒိယနိုင်ငံ၏သီးနှံအားလုံး၏ စိုက်ဧကသည် ဟက်တာ ၄၂၁ ဒသမ ၆၄ သိန်း ရှိပြီး ယခင်နှစ် ကာလတူတွင် ဟက်တာ ၄၄၅ ဒသမ ၉၄ ရှိခဲ့သည့်အတွက် ၅ ရာခိုင်နှုန်းခန့် ကျဆင်းခဲ့ကြောင်းနှင့် စပါးစိုက်ပျိုးမှုမှာ ဟက်တာ ၇၀ ဒသမ ၅၉ သိန်းရှိပြီး ယခင်နှစ်ကထက် ၁၆ ရာခိုင်နှုန်း ကျဆင်းသွားခဲ့ကြောင်း ယခုလ ၉ ရက်နေ့အထိ ရရှိသော စာရင်းများအရသိရသည်။ သို့သော် အချို့ပြည်နယ်များတွင် စပါးပျိုးပင်များစိုက်ပျိုးခြင်းကို စက်တင်ဘာလအထိ တိုးချဲ့စိုက်ပျိုး သွားရန်ရှိကြောင်း သိရသည်။ လွန်ခဲ့သောသီတင်းပတ်အထိ ပဲပုပ်စိုက်ပျိုးမှုမှာ ပုံမှန်စိုက်ဧရိယာ ဟက်တာ ၁၁၇ ဒသမ ၄၄ သိန်း ၏ ၅၄ ရာခိုင်နှုန်းအထိ စိုက်ပျိုးပြီးဖြစ်ကာ ပဲစိုက်ပျိုးမှုမှာ ဟက်တာ ၄၅ ဒသမ ၃၂ သိန်းရှိပြီး ယခင်နှစ်ကထက် ၁၈ ရာခိုင်နှုန်း ခန့် အသီးသီးလျော့ကျခဲ့ကြောင်း သိရသည်။

ထို့အပြင် Uttar Pradesh ပြည်နယ်၏ ခရိုင်အချို့တွင် မကြာသေးမီက မိုးရွာသွန်းမှုအခြေအနေများကြောင့် ဟင်းသီး ဟင်းရွက်စိုက်ပျိုးမှုကို ထိခိုက်စေခဲ့သည့်အတွက် ငရုတ်သီး၊ ဟင်းနုနွယ်၊ နံနံပင်၊ ခရမ်းသီးနှင့် ရုံးပတီသီးများ စိုက်ပျိုး ထွက်ရှိမှု နည်းပါးခဲ့ကြောင်း၊ယင်းကြောင့်ဈေးကွက်တွင်ဟင်းသီးဟင်းရွက်ဈေးနှုန်းများမြင့်တက်ခြင်းမျိုးကို ဖြစ်စေနိုင်သည်ဟု သိရသည်။

Yara ဓါတ်မြေဩဇာကုမ္ပဏီ၏ တောင်အာရှဆိုင်ရာ ဦးဆောင်ညွှန်ကြားရေးမှူး Sanjiv Kanwar က တောင်သူ လယ်သမားများအနေဖြင့် ကောင်းမွန်သော သီးနှံစီမံခန့်ခွဲမှုနှင့် စိုက်ပျိုးရေရရှိရေးကို ဆောင်ရွက်မှသာ နောက်ထပ်သီးနှံ ဆုံးရှုံးမှုများမရှိအောင် လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ သို့သော် စက်တင်ဘာလအထိ မိုးရေရရှိမှုနည်းပါးနေဦးမည်ဆိုပါက တောင်သူများအနေဖြင့် ကာလတိုအတွင်း ဖြစ်ထွန်းပေါ်ပေါက်နိုင်သော သီးနှံများကို ပြောင်းလဲစိုက်ပျိုးသင့်ကြောင်း အကြံပြု ပြောကြားခဲ့သည်။ အယ်နီညိုကြောင့် စက်တင်ဘာလအထိ မိုးရွာသွန်းမှုလုံလုံလောက်လောက်မရရှိပါက နွေသီးနှံ စိုက်ပျိုးရန် လုံလောက်သောမြေဆီလွှာစိုစွတ်မှုကို မရရှိနိုင်သည့်အတွက် ဂျုံသီးနှံစိုက်ပျိုးမှုအပေါ် ထိခိုက်စေနိုင်သည့် အလားအလာရှိ ကြောင်း သိရသည်။

ကမ္ဘာကြီးပူနွေးလာမှုနှင့် ရာသီဥတုဖောက်ပြန်မှုများကို အိန္ဒိယနိုင်ငံတွင်သာမက မြန်မာနိုင်ငံအပါအဝင် ကျန်ကမ္ဘာ့နိုင်ငံ အသီးသီးတွင် လတ်တလောရင်ဆိုင်နေကြရသည်။ အထူးသဖြင့် စိုက်ပျိုးရေးကို ဇောက်ချလုပ်ကိုင်သောနိုင်ငံများတွင် သိသာသောထိခိုက်နစ်နာမှုများကို ဖြစ်ပေါ်စေနိုင်ပါသည်။ ရာသီဥတုမမှန်မှုကြောင့် သီးနှံစိုက်ပျိုးထွက်ရှိအပေါ် များစွာ သက်ရောက်စေပြီး၊ အထွက်နှုန်းကျဆင်းစေခြင်း၊ ယင်းမှတစ်ဆင့် ဝယ်လိုအားကို ပြည့်မီအောင် မဖြည့်ဆည်းနိုင်ပါက ဈေးနှုန်း များတက်ကာ ငွေကြေးဖောင်းပွမှုကို ဖြစ်ပေါ်စေနိုင်ပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့်လည်း ရာသီဥတုအခြေအနေကို တွက်ဆလျက် စပါးမျိုးကောင်းမျိုးသန့်များကို ရွေးချယ်စိုက်ပျိုးခြင်း၊ စိုက်ပျိုးရေပုံမှန်ရရှိအောင် စီမံလုပ်ဆောင်ခြင်း၊ သီးထပ်၊ သီးညှပ်များစိုက်ပျိုးခြင်းတို့ကဲ့သို့ စီမံခန့်ခွဲလုပ်ကိုင်နိုင်မှသာ ပြည်တွင်းစားသုံးမှုအတွက် ဖူလုံပြီး၊ ပြည်ပဈေးကွက်များသို့ တိုးမြှင့်တင်ပို့ရောင်းချနိုင်မည်ဖြစ်ပါသည်။

ရည်ညွှန်း။ The Hindu Businessline၊ Heavy rainfall may not impact Indian paddy, but other crops’ sowing may be delayed

(ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး၊ ကော်လ်ကတ္တားမြို့)

Source:https://myantrade.gov.mm/article/STP(Ygn)%2017072023%2013:21

## အင်ဒိုနီးရှားမှ နာနတ်သီးများကို တရုတ်နိုင်ငံသို့ တက်ကြွစွာ တင်ပို့နေ

အင်ဒိုနီးရှားနိုင်ငံသည် တစ်နှစ်ပတ်လုံး လုံလောက်သည့် နေရောင်ခြည်နှင့် အပူချိန်ရရှိခြင်းကြောင့် နာနတ်သီး စည်သွတ်ဘူးများ ထုတ်လုပ်သည့် ပုဂ္ဂလိကကုမ္ပဏီကြီးဖြစ်သည့် PT Great Giant Pineapple (GGP) ၏ ကြီးမား ကျယ်ပြန့်သည့် စိုက်ခင်းထဲ၌ နေ့စဉ် နာနတ်သီး အလုံး (၂၀၀,၀၀၀) ခန့်ကို ခူးဆွတ်လျက်ရှိကြောင်း သိရှိရပါသည်။

ဟက်တာ(၃၀,၀၀၀)ကျော်ရှိသည့် စိုက်ခင်းကြီးကို ဇုန်များပိုင်းခြားပြီး ဇုန်တစ်ခုစီရှိ နာနတ်သီးအားလုံးကို တစ်ပြိုင်

တည်းခူးဆွတ်နေသည်ဟု စိုက်ခင်းအုပ်စုတစ်ခုမှ စိုက်ပျိုးထုတ်လုပ်ရေး အလုပ်သမား Murdi Suprayitno က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

GGP မှ နာနတ်သီးထုတ်လုပ်မှု၏ (၅၀) ရာခိုင်နှုန်းခန့်ကို နိုင်ငံနှင့်ဒေသ (၆၀) ကျော်သို့ တင်ပို့လျက်ရှိပြီး နာနတ်သီးစည်သွတ်ဗူးများအပြင် လတ်ဆတ်သော နာနတ်သီး၊ နာနတ်ယို၊ နာနတ်သီးဖျော်ရည်များနှင့် စည်သွတ်ကော့တေးလ်ဗူးများကို ထုတ်လုပ်ကြောင်း သိရှိရပါသည်။ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လတွင် တရုတ်နိုင်ငံ၏ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (General Administration of Customs of China –GACC) သည် သတ်မှတ်ချက်များနှင့် ကိုက်ညီသည့် အင်ဒိုနီးရှားနိုင်ငံမှ လတ်လတ်ဆတ်ဆတ် နာနတ်သီးများ တင်ပို့မှုကိုခွင့်ပြုသည့် အခြေပြစာချုပ်ကိုထုတ်ပြန်ခဲ့ကြောင်း သိရှိရပါသည်။

အင်ဒိုနီးရှားနိုင်ငံမှ လတ်ဆတ်သည့် နာနတ်သီးများသည် တရုတ်ဈေးကွက်သို့တရားဝင် ဝင်ရောက်ခွင့်ရရှိပြီးသည်နှင့် GGP သည် ထုတ်လုပ်မှုစွမ်းရည်ကို မြှင့်တင်ရန်အတွက် နာနတ်ပင်များကို ထပ်မံတိုးချဲ့စိုက်ပျိုးခဲ့ကြောင်း၊ တရုတ်နိုင်ငံ၏ ပြည်တွင်းနာနတ်သီးထုတ်လုပ်မှုသည် အကန့်အသတ်ရှိသဖြင့် တင်သွင်းသော နာနတ်သီးများအတွက် အလားအလာများစွာရှိကြောင်း GGP ၏ ဒါရိုက်တာတစ်ဦးဖြစ်သူ Welly Soegiono က ပြောကြားခဲ့ပါ သည်။

GGP သည် GACC ခွင့်ပြုချက်ရပြီးနောက် လတ်ဆတ်သော နာနတ်သီးများကို တရုတ်နိုင်ငံသို့ ချက်ချင်းတင်ပို့ခဲ့ကြောင်း၊ ယခုအချိန်အထိ နာနတ်သီး မက်ထရစ်တန်ချိန် (၅၈၀) ကျော် တင်ဆောင်ထားသည့် အအေးခန်းကွန်တိန်နာ (၄၂) လုံးကို အင်ဒိုနီးရှားနိုင်ငံ၊ Lampung မှ တရုတ်နိုင်ငံ တောင်ပိုင်းဆိပ်ကမ်းများသို့ တင်ပို့ထားပြီးဖြစ်သည်ဟု သိရှိရပါသည်။

အင်ဒိုနီးရှားနိုင်ငံမှ နာနတ်သီးများကို တရုတ်နိုင်ငံသို့တင်ပို့ရန် အချိန် (၈) ရက်မှ (၁၀) ရက်ခန့်ကြာမြင့်ကြောင်း၊ အခြားနိုင်ငံများရှိ ဆိပ်ကမ်းများတွင် ရပ်နားခြင်းကြောင့် လတ်ဆတ်သောသစ်သီးများ ပုပ်ခြင်းမှကာကွယ်ရန် အပူချိန် (10 C) အောက်တွင် ထားရှိရန်လိုအပ်ကြောင်း သိရှိရပါသည်။

မကြာသေးမီနှစ်များအတွင်း တရုတ်နှင့် အင်ဒိုနီးရှားနိုင်ငံတို့အကြား သစ်သီးကုန်သွယ်မှုသည် ပိုမိုအားကောင်းလာခဲ့ကြောင်း၊ အင်ဒိုနီးရှားမှ နာနတ်သီးတင်ပို့ခဲ့သည့်ကွန်တိန်နာများတွင် တရုတ်နိုင်ငံမှ ပန်းသီး၊ လိမ္မော်သီးနှင့် သစ်တော်သီးများကဲ့သို့ အင်ဒိုနီးရှား၌ စိုက်ပျိုးနိုင်ခြင်းမရှိသည့် အသီးအနှံများကို ပြန်လည်တင်ဆောင်လာကြောင်း သိရှိရပါသည်။

RCEP နှင့် China-ASEAN Free Trade Area တို့အရ အင်ဒိုနီးရှားမှ နာနတ်သီး ထုတ်ကုန်များကို တရုတ်နိုင်ငံသို့ အကောက်ခွန်ကင်းလွတ်ခွင့်ဖြင့်တင်ပို့လျက်ရှိကြောင်း၊ အကောက်ခွန်ရှင်းလင်းမှုမြန်ဆန်သောကြောင့် အင်ဒိုနီးရှား နာနတ်သီးများသည် တရုတ်စားသုံးသူများထံ မြန်ဆန်စွာရောက်ရှိသဖြင့် ဈေးကောင်းရရှိကြောင်း သိရှိရပါသည်။

ဈေးကွက်သုတေသနပြုချက်အရ တရုတ်စားသုံးသူများသည် အရည်အသွေးပြည့်မီသော သစ်သီးဝလံများအတွက် ဈေးကောင်းပေးလိုကြပြီး စည်သွတ်ဘူးများထက် လတ်လတ်ဆတ်ဆတ် သစ်သီးများ စားသုံးခြင်းကို ပိုမိုနှစ်သက်ကြကြောင်း၊ အဆိုပါအချက်သည် သစ်သီးဝလံများ၏ အရည်အသွေးကိုမြှင့်တင်ရန် တွန်းအားဖြစ်စေကြောင်း သိရှိရပါသည်။

လက်ရှိတွင် အင်ဒိုနီးရှားမှ နာနတ်သီးများကို တရုတ်နိုင်ငံတောင်ပိုင်းမှ မြောက်ပိုင်းအထိ ဈေးကွက်ချဲ့ထွင်ရန် ယုံကြည်စိတ်ချရသော ဖြန့်ဖြူးရောင်းချသူများကို ရှာဖွေခြင်းသာမက တရုတ်နိုင်ငံတွင် ကျင်းပသောပြပွဲများတွင် ပါဝင်ပြသလျက်ရှိကြောင်း သိရှိရပါသည်။

မြန်မာနိုင်ငံအနေဖြင့်လည်း နာနတ်သီးများကို တရုတ်နိုင်ငံသို့ တရားဝင်တင်ပို့ခွင့်ရရှိရေးအတွက် မြန်မာနိုင်ငံ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် General Administration of Customs of China တို့အကြား ညှိနှိုင်းဆောင်ရွက်လျက်ရှိရာ ခွင့်ပြုချက်ရရှိပြီးပါက လက်ရှိတရုတ်ဈေးကွက်သို့ တင်ပို့လျက်ရှိသောနိုင်ငံများနှင့် အရည်အသွေးနှင့်ဈေးနှုန်းအရ ယှဉ်ပြိုင်နိုင်စွမ်းရှိစေရန်၊ ဈေးကွက်ဝေစုရရှိစေရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားသင့်ပါသည်။

ထို့အပြင် နှစ်နိုင်ငံအကြား နယ်နိမိတ်ချင်းထိစပ်နေသည့် အခွင့်အရေးကို အကျိုးရှိစွာအသုံးချပြီး မြန်မာနိုင်ငံမှ လတ်ဆတ်နာနတ်သီးများကို နယ်စပ်မှတစ်ဆင့် တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ဈေးကွက်ကိုလည်းကောင်း၊ ရေကြောင်းမှတစ်ဆင့် တရုတ်နိုင်ငံ အရှေ့တောင်ပိုင်း ဈေးကွက်ကိုလည်းကောင်း ထိုးဖောက်နိုင်ရေးအတွက် ထောက်ပံ့ပို့ဆောင်ရေးကွန်ရက်များကိုပါ ထည့်သွင်းစဉ်းစား ဆောင်ရွက်ထားသင့်ပါကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

Source: www.chinadaily.com.cn/a/202307/15/WS64b1d2e6a31035260b81692a.html

(စီးပွားရေးသံမှူး၊ နန်နင်းမြို့)

Source:https://myantrade.gov.mm/article/Naypyitawstp_170720230300

# STOCK EXCHANGE (17.7.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 17th Jul. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 46,868 (Shares) | 94,618,050 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,000 | -200 | -2.44% | 8,100 | 8,200 | 8,000 | 1,202 | 9,677,000 | 33,109,694 | 264,878 |
| MTSH | 00002 | 2,800 | +0 | +0.00% | 2,850 | 2,850 | 2,800 | 6,087 | 17,047,300 | 38,929,150 | 109,002 |
| MCB | 00003 | 7,300 | +0 | +0.00% | 7,300 | 7,300 | 7,300 | 1 | 7,300 | 10,400,986 | 75,927 |
| FPB | 00004 | 1,550 | +0 | +0.00% | 1,500 | 1,550 | 1,500 | 4,000 | 6,100,000 | 29,664,613 | 45,980 |
| TMH | 00005 | 2,450 | +100 | +4.26% | 2,450 | 2,450 | 2,450 | 6 | 14,700 | 12,823,224 | 31,417 |
| EFR | 00006 | 2,450 | +100 | +4.26% | 2,450 | 2,450 | 2,450 | 5 | 12,250 | 19,977,223 | 48,944 |
| AMATA | 00007 | 5,000 | +0 | +0.00% | 5,000 | 5,000 | 5,000 | 0 | 0 | 10,497,598 | 52,488 |
| MAEX | 00008 | 1,750 | +0 | +0.00% | 1,750 | 1,750 | 1,700 | 35,567 | 61,759,500 | 23,804,946 | 41,659 |


## Market summary

As of 17th Jul. 2023

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 355.37 | -1.77 | -0.50% | 354.60 | 358.17 | 354.60 | 46,868 | 94,618,050 | 8 | 670,295 |

**Index chart**




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 17th Jul. 2023

| Trading Volume | Trading Value |
|---|---|
| 46,868 (Shares) | 94,618,050 (MMK) |

### Main Board

As of 1:00 pm, 17th Jul. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 46,868 (Shares) | 94,618,050 (MMK) |

| MYANPIX | 355.37 ▼ 1.77 |
|---|---|
| Total Volume (shares) | 46,868 |
| Total Value (MMK) | 95 mil |
| Listed Company | 8 |
| Market Cap. (MMK) | 670,295 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,000 | ▼ 200 |
| MTSH | 00002 | 2,800 | ▲ 0 |
| MCB | 00003 | 7,300 | ▲ 0 |
| FPB | 00004 | 1,550 | ▲ 0 |
| TMH | 00005 | 2,450 | ▲ 100 |
| EFR | 00006 | 2,450 | ▲ 100 |
| AMATA | 00007 | 5,000 | ▲ 0 |
| MAEX | 00008 | 1,750 | ▲ 0 |